# ဘာသာပြန်ဆိုသူ၏ အမှာ

ဤစာအုပ်သည် ကျွန်ုပ်၏ စတုတ္ထမြောက် စာအုပ် ဖြစ်သည်။ ပထမစာအုပ် (၂၀ ရာစု လူမျိုးတုံးသတ်ဖြတ်ခြင်းပြဿနာ၊နာခံမှု အန္တရာယ်နှင့်စတန်းဖို့ဒ် အကျဉ်းထောင် စမ်းသပ်ချက် (၂၀၁၄) ) နှင့် လူမျိုးတုံးသတ်ဖြတ်ခြင်း ခေတ်ကာလ(သို့) ငရဲခန်းကပြဿနာ (၂၀၁၆)တို့အား ရေးသားထုတ်ဝေအပြီး လူတဦးတယောက်(သို့)လူတစုတဖွဲ့သည် အခြားလူတစုတဖွဲ့အား မည်သည့်အတွက် မျိုးဖြုတ်သတ်ဖြတ်သနည်း။ သတ်ဖြတ်လိုသနည်း။ သမိုင်းတလျှောက်တွင် မည်ကဲ့သို့ ဖြစ်ရပ်များ ဖြစ်ပွားခဲ့သနည်း။ ကမ္ဘာတဝန်းရှိ လူ့အဖွဲ့အစည်းများက မည်သို့တုံ့ပြန်ခဲ့ကြသနည်း ဆိုသည်တို့အား အထိုက်အလျောက် ဖြေဆိုနိုင်ခဲ့ပြီး ဖြစ်သည်ဟု ဆိုကောင်း ဆိုနိုင်သည်။

သို့သော် ၎င်းလူမှုဗေဒ ပြဿနာ အလုံးစုံအား ရှင်းလင်းတင်ပြပြီး ဖြစ်သည်ဟုတော့ မဆိုနိုင်ချေ။မည်သည့်ခုနှစ်၊မည်သည့်နိုင်ငံတွင် အဘယ်သော မျိုးနွယ်စုက အဘယ်သော လူမျိုးစုအား မျိုးတုံးသတ်ဖြတ်ခဲ့သည်၊ သတ်ဖြတ်ရန် အားထုတ်ခဲ့သည်၊ ၎င်းတရားခံများအား မည်သည့်နိုင်ငံတကာရုံးတော်က အပြစ်ဒဏ်စီရင်ခဲ့ပြီး မည်သူများမှာမူ လွတ်မြောက်နေဆဲရှိသည် အစရှိသည့် အချက်အလက်များအား တင်ပြနိုင်ကောင်း တင်ပြနိုင်ခဲ့မည်။သိရှိကောင်း သိရှိကြမည်။ သို့တိုင်အောင် နောက်ခံအကြောင်းတရားများ၊ စိတ်ပညာပိုင်းဆိုင်ရာ အတွေးအမြင်များ၊သမိုင်းနောက်ခံအဖြစ်အပျက်များ၊သတ်ဖြတ်ခြင်းများ မဖြစ်ပွားမီ၊ဖြစ်ပွားဆဲ၊ဖြစ်ပွားအပြီး သားကောင်ဖြစ်ခဲ့ရသူ၊ကျူးလွန်သူ၊ပွဲကြည့်ပရိသတ်များ၏ စိတ်ခံစားမှုများ၊အတွေ့အကြုံများ၊ခံစားချက်များကိုမူ စာဖတ်သူတို့ အလုံးစုံခြုံငုံမိစေရန်မှာ အတန်ပင် ခဲယဉ်းသေးသည်။

ဤအကြောင်းအရာများအား ထဲထဲဝင်ဝင် လေ့လာရန်၊နားလည်ရန်မှု သမိုင်းဆိုင်ရာ အချက်အလက်များအား ဖတ်ရှုလေ့လာရုံမျှဖြင့် လုံလောက်သည် မဆိုနိုင်ချေ။

ထိုခေတ်၊ထိုအခါမှ စာပေအနုပညာများ၊ သတင်းကောက်နုတ်ချက်များ၊ကိုယ်တွေ့ဖြစ်ရပ်များကို လေ့လာမှသာလျှင် ပိုမိုခံစားသိမြင်နိုင်မည် ဖြစ်လေသည်။

မူရင်းဖြစ်သော The Dairy of a Young Girl သည် ကမ္ဘာကျော်ဂန္ထဝင်စာရင်းဝင်ပြီးဖြစ်သည့်အပြင် နိုင်ငံအရပ်ရပ်တွင် ဘာသာစကားအမျိုးမျိုးသို့ အကြိမ်ပေါင်းများစွာ ပြန်ဆိုပြီးလည်း ဖြစ်သည်။မြန်မာပြန်ဆိုခဲ့သော အဆိုပါ စာအုပ်တွင်လည်း မူရင်းအတိုင်း ပြန်ဆိုထားသည့်အတွက် အချို့နေရာများတွင် ရှည်လျားလွန်းနေသည်ကတကြောင်း၊ ဇာတ်သိမ်းပိုင်းအား အကျယ်တဝင့် မတင်ပြထားခြင်းကြောင့်တကြောင်း မူရင်းထက် ပိုမိုဆွဲဆောင်မှုရှိ၍ အဓိက နေ့စွဲ ၁၀ ခု ကိုသာ ထုတ်နုတ်တင်ပြထားသော Colbert ၏ 10 Days စာအုပ်ကို ရွေးချယ်ဖြစ်ခဲ့သည်။

ဇာတ်သိမ်းပိုင်းအားလည်း ထပ်မံတွေ့ရှိချက်များ ဖြည့်စွက်ကာ ဓာတ်ပုံများဖြင့် စုံလင်စွာ တင်ပြထားသဖြင့် ပရိသတ် နှစ်သက်လိမ့်မည်ဟု မျှော်လင့်ပါကြောင်း။

လေးစားစွာဖြင့်
ညီနောင် (**Humber**)